## အာဏာရှင်စနစ် ကျဆုံးရေး ရှမ်းပြည်တော်လှန်ရေး ကော်မတီ

## Shan State Revolutionary Committee_SSRC

ကြေငြာချက်အမှတ် ၁/၂၀၂၁

နေ့စွဲ ၀၂ မတ်လ ၂၀၂၁

၁။ မိမိတို့ပြည်ထောင်စုသည် ပြည်ထောင်စုစတင်ဖွဲ့စည်းခဲ့သည်မှစ၍ နှစ်ပေါင်း(၇၀) ကျော် ပြည်တွင်းစစ်နှင့် ပဋိပက္ခများကြောင့် ကမ္ဘာတွင် အဆင်းရဲဆုံးနှင့် ပြည်တွင်းစစ်အရှည်ကြာဆုံးတိုင်းပြည် အဖြစ်ဖြစ်နေရသည်မှာ မိမိတို့ပြည်သူပြည်သားများ အသိဖြစ်ပါသည်။ ယင်းကဲ့သို့ ပြဿနာအားလုံး၏ အရင်းအမြစ်မှာ စနစ်ပြဿနာ ၊ နိုင်ငံရေးပြဿနာဟု မိမိတို့ ယုံကြည်သည်။

၂။ မိမိတို့ ပြည်ထောင်စုသည် စစ်တပ်၏အာဏာသိမ်းမှု၊ အတုအယောင် ဒီမိုကရေစီကို အကြိမ်ကြိမ်ရရှိခဲ့ပြီးဖြစ်သည့်အပြင် တိုင်းရင်းသားလူမျိုးများ၏ မျှော်မှန်းချက်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု အိမ်မက်နှင့် ခြေလှမ်းများသည်လည်း စစ်တပ်၏အကြမ်းဖက်နှိပ်ကွပ်မှုများကြောင့် ယခုတိုင်ပန်းတိုင်ရောက်ရန်ခက်ခဲနေဆဲဖြစ်သည်။

၃။ ဖေဖော်ဝါရီ ၁ ရက်နေ့၂၀၂၁ စစ်တပ်အာဏာသိမ်းချိန်မှစ၍ ဒီမိုကရက်တစ်အင်အားစုများ၊ တိုင်းရင်းသားအင်အားစုများလိုလားသော၊ ငြိမ်းချမ်းသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေးကြိုးပမ်းမှု အားလုံးသည် ရိုက်ချိုးခံရပြီးဖြစ်၍ မိမိတို့အနေဖြင့် မိမိတို့လိုလားသော နိုင်ငံရေးပန်းတိုင်အောင်မြင်ရေးအတွက် အာဏာရှင်ဖိဆန်သော တော်လှန်ရေး ခရီးဆုံးထိချီတက်ရန် ရည်ရွယ်သန္နိဋ္ဌာန်ချမှတ်သည်။

၄။ မိမိတို့ရှမ်းပြည်ရှိ တော်လှန်ရေးအင်အားစုများသည် မိမိတို့ရည်မှန်းချက်ဖြစ်သော အာဏာရှင်ကျဆုံးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ကော်မတီတစ်ရပ်ကိုအောက်ပါ အင်အားစုများဖြင့် ဖွဲ့စည်းလိုက်သည်။

၁။ တောင်ကြီတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (TGUSU )

၂။ တောင်ကြီးနည်းပညာတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (TTUSU )

၃။ တောင်တန်းဒေသလူမျိုးစုပေါင်းစုံတော်လှန်ရေးကော်မတီ ( HRNC )

၄။ 24 State Fighters 88 Taunggyi

၅။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ ( ACDD-Shan )

၆။ သျှမ်းကျောင်းသားများသမဂ္ဂ

အထက်ပါ ပါဝင်သော အင်အားစုများ၏ စုပေါင်းဆွေးနွေးဆုံးဖြတ်ချက်များအရ မိမိတို့အားလုံး ဆက်လက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များမှာ

၁။ အာဏာရှင်စနစ်ကျဆုံးရေး

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေး

၃။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး

၄။ မတရား ဖမ်းဆီးခံရသူများအားလုံး လွတ်မြောက်ရေး

မှတ်ချက်။ အထက်ဖော်ပြပါ နိုင်ငံရေးယုံကြည်ချက်နှင့် လုပ်ငန်းစဉ်များကို သက်ဝင်ယုံကြည်ပြီး လက်ခံလျှောက်လှမ်းလိုသည့် ရှမ်းပြည်နယ်အတွင်းရှိ မည်သည့်ဒီမိုကရက်တစ် အင်အားစုများ၊ အာဏာရှင် တော်လှန်ရေးအင်အားစုများမဆို ရှမ်းပြည်တော်လှန်ရေးကော်မတီ သို့ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။